# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

## စိုက်ပျိုးရေးမိုးလေဝသစာစောင်
## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်
## နေပြည်တော် (၁၁-၁၂-၂၀၂၅)

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ


၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ) ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ညအပူချိန်များပြပုံ
(ဒီဂရီဖာရင်ဟိုက်)




















# ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ်ဖော်ပြအပ်ပါသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နိုဝင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူး-ပူဒူချယ်ရီကမ်းခြေတို့တွင် ဖြစ်ပေါ်ခဲ့သောဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"သည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ၂-၁၂-၂၀၂၅ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း အားလျော့သွားခဲ့ပြီး၊ ၃-၁၂-၂၀၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးမြောက်ပိုင်း၊ ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ခဲ့ပါသည်။

## မိုးရွာသွန်းမှုအခြေအနေ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- ရန်ကုန်တိုင်းဒေသကြီးတွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ထက် ပိုခဲ့ပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** ရန်ကုန်တိုင်းဒေသကြီး(မှော်ဘီမြို့)တွင် (၁)ရက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မွန်ပြည်နယ်(သိမ်ဖြူမြို့)တို့တွင် မိုးအနည်းငယ်ရွာသွန်းခဲ့ပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးရွာသွန်းခဲ့ခြင်းမရှိပါ။

## အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင်(၁)ဒီဂရီဖာရင်ဟိုက်မှ(၂)ဒီဂရီဖာရင်ဟိုက်အထိ

ပိုခဲ့ကာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့အောက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း (***ညအပူချိန်***) အခြေအနေများမှာ– ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့အောက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း (***လေထုစိုထိုင်းဆ***) အခြေအနေများမှာ– နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၅၆%) မှ (၆၆%) အတွင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်(၆၇%) မှ (၇၇%) အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင်(၇၈%)မှ (၈၉%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ– မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၂၁ မီလီမီတာ)မှ (၃၀ မီလီမီတာ)အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၁ မီလီမီတာ)မှ (၃၉ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေရှိသောပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း (***မြေဆီလွှာစိုစွတ်မှု***) အခြေအနေများမှာ– နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေနှင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (စိုစွတ်) အခြေအနေ အသီးသီးရှိခဲ့ပါသည်။

# ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ– နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း နှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်– စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ၁ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အောက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အောက် လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ဒီဇင်ဘာလပျမ်းမျှ အပူချိန်ခန့်သာရှိနိုင်ပါသည်။

## မြူအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် ၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှ ကွာဟချက် | မိုးရွာရက် | အမြင့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၀ | -၁၀၀ | ၀ | ၈၂ | ၁.၀ | ၅၄ | -၁.၄ | ၇၈ | -၁.၄ | ၂၅ | ၁.၆ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၀ | -၁၀၀ | ၀ | ၇၀ | ၃.၇ | ၃၅ | -၃.၄ | ၇၆ | -၆.၅ | ၂၃ | ၄.၇ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | ၀ | -၁၀၀ | ၀ | ၈၂ | ၂.၈ | ၅၀ | -၀.၇ | ၈၆ | -၁.၈ | ၂၃ | ၂.၆ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၀ | -၁၀၀ | ၀ | ၇၆ | ၁.၈ | ၅၀ | -၁.၂ | ၆၁ | -၆.၆ | ၃၀ | ၃.၆ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၀ | -၁၀၀ | ၀ | ၈၀ | ၀.၇ | ၅၃ | -၁.၁ | ၈၉ | ၅.၃ | ၂၁ | -၂.၃ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၀ | -၁၀၀ | ၀ | ၈၂ | ၁.၄ | ၅၁ | -၃.၃ | ၈၉ | ၄.၅ | ၂၃ | -၁.၁ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၀ | -၁၀၀ | ၀ | ၉၂ | -၁.၃ | ၆၆ | -၂.၆ | ၇၂ | -၀.၄ | ၃၇ | ၀.၃ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၀ | -၁၀၀ | ၀ | ၉၂ | ၀.၃ | ၆၉ | -၀.၇ | ၆၉ | ၃.၂ | ၃၇ | -၀.၅ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၀ | -၁၀၀ | ၀ | ၈၆ | ၀.၆ | ၆၅ | ၁.၀ | ၈၁ | -၂.၁ | ၂၆ | ၁.၀ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၀ | -၁၀၀ | ၀ | ၈၉ | ၁.၃ | ၆၂ | -၁.၅ | ၅၆ | -၂၀.၁ | ၃၉ | ၈.၂ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၀ | -၁၀၀ | ၀ | ၈၆ | ၀.၄ | ၆၂ | -၁.၂ | ၈၁ | ၃.၁ | ၂၆ | -၀.၆ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၀ | -၁၀၀ | ၀ | ၈၂ | -၁.၄ | ၅၁ | -၃.၃ | ၈၅ | ၀.၆ | ၂၃ | -၀.၃ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၀ | -၁၀၀ | ၀ | ၈၆ | ၀.၆ | ၆၂ | ၀.၀ | ၇၈ | -၀.၁ | ၂၇ | ၀.၅ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၀ | -၁၀၀ | ၀ | ၈၈ | ၁.၄ | ၆၂ | ၁.၆ | ၇၅ | -၁.၆ | ၃၂ | ၁.၃ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | Trace | -၁၀၀ | ၀ | ၉၁ | ၁.၄ | ၆၂ | -၄.၃ | ၈၃ | ၅.၂ | ၃၁ | -၀.၁ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၀ | -၁၀၀ | ၀ | ၈၉ | ၁.၅ | ၆၂ | -၂.၆ | ၈၀ | ၀.၈ | ၃၁ | ၁.၈ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၀ | -၁၀၀ | ၀ | ၈၉ | -၁.၂ | ၆၃ | -၃.၅ | ၈၆ | ၁၄.၄ | ၂၇ | -၆.၅ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၀ | -၁၀၀ | ၀ | ၉၀ | -၁.၉ | ၆၇ | ၀.၄ | ၆၆ | -၆.၂ | ၃၇ | ၀.၄ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၀ | -၁၀၀ | ၀ | ၈၉ | -၀.၇ | ၆၈ | ၀.၂ | ၇၂ | -၃.၄ | ၃၃ | ၀.၆ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | Trace | -၁၀၀ | ၀ | ၉၃ | ၀.၅ | ၆၅ | -၂.၄ | ၇၆ | ၆.၃ | ၃၈ | -၁.၃ |

**"Trace "– မိုးရွာသော်လည်း တိုင်းထွာရေတွက်နိုင်သော မိုးရေချိန်ပမာဏမရှိပါ။**
**မိုးရေချိန်(–၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**
**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

**နောက်ဆက်တွဲ(ခ)**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံ့နှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံ့နှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၀ | ၂၅ | ၂၅ | ၂၈ | ၀ | ၀ | ခြောက်သွေ့ |
| ၂။ | ချင်းပြည်နယ် | ၀ | ၂၃ | ၂၃ | ၃၈ | ၀ | ၀ | စိုစွတ် |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၀ | ၂၃ | ၂၃ | ၁၆ | ၀ | ၀ | ခြောက်သွေ့ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၀ | ၃၀ | ၃၀ | ၄၁ | ၀ | ၀ | စိုစွတ် |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၀ | ၂၁ | ၂၁ | ၆၁ | ၀ | ၀ | စိုစွတ် |
| ၆။ | ကယားပြည်နယ် | ၀ | ၂၃ | ၂၃ | ၃၄ | ၀ | ၀ | ခြောက်သွေ့ |
| ၇။ | ကရင်ပြည်နယ် | ၀ | ၃၇ | ၃၇ | ၂၂ | ၀ | ၀ | ခြောက်သွေ့ |
| ၈။ | မွန်ပြည်နယ် | ၀ | ၃၇ | ၃၇ | ၂ | ၀ | ၀ | ခြောက်သွေ့ |
| ၉။ | ရခိုင်ပြည်နယ် | ၀ | ၂၆ | ၀ | ၀ | ၀ | ၂၆ | ခြောက်သွေ့ |
| ၁၀။ | နေပြည်တော် | ၀ | ၃၉ | ၂၅ | ၀ | ၀ | ၁၄ | ခြောက်သွေ့ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၀ | ၂၆ | ၄ | ၀ | ၀ | ၂၂ | ခြောက်သွေ့ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၀ | ၂၃ | ၁၁ | ၀ | ၀ | ၁၂ | ခြောက်သွေ့ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၀ | ၂၇ | ၁၁ | ၀ | ၀ | ၁၆ | ခြောက်သွေ့ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၀ | ၃၂ | ၂၉ | ၀ | ၀ | ၃ | ခြောက်သွေ့ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး(တောင်) | Trace | ၃၁ | ၃၁ | ၁၂ | ၀ | ၀ | ခြောက်သွေ့ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၀ | ၃၁ | ၂၂ | ၀ | ၀ | ၉ | ခြောက်သွေ့ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၀ | ၂၇ | ၂၇ | ၁၃ | ၀ | ၀ | ခြောက်သွေ့ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၀ | ၃၇ | ၃၇ | ၁၅ | ၀ | ၀ | ခြောက်သွေ့ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၀ | ၃၃ | ၂၆ | ၀ | ၀ | ၇ | ခြောက်သွေ့ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | Trace | ၃၈ | ၃၀ | ၀ | ၀ | ၈ | ခြောက်သွေ့ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံ့နှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံးအပူချိန် | အနိမ့်ဆုံးအပူချိန် | ပျမ်းမျှအပူချိန် | စိုထိုင်းဆ | ပင်ငွေ့ရေငွေ့ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီဖာရင်ဟိုက် | ဒီဂရီဖာရင်ဟိုက် | ဒီဂရီဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၇၉ | ၅၃ | ၆၆ | ၈၂ | ၂၂ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၆၆ | ၃၇ | ၅၁ | ၇၂ | ၂၂ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၇၈ | ၄၈ | ၆၃ | ၈၈ | ၂၁ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၄ | ၅၀ | ၆၂ | ၆၅ | ၂၇ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၇၈ | ၅၃ | ၆၅ | ၈၄ | ၂၃ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၀ | ၅၂ | ၆၆ | ၈၄ | ၂၅ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၉၃ | ၆၆ | ၈၀ | ၇၂ | ၃၇ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၉၁ | ၆၈ | ၈၀ | ၆၅ | ၃၇ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၅ | ၆၂ | ၇၃ | ၈၃ | ၂၅ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၈၈ | ၆၁ | ၇၅ | ၇၆ | ၃၁ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၈၅ | ၆၁ | ၇၃ | ၈၀ | ၂၆ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၈၂ | ၅၃ | ၆၇ | ၈၇ | ၂၂ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၈၄ | ၆၀ | ၇၂ | ၈၁ | ၂၆ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၈၆ | ၅၈ | ၇၂ | ၇၇ | ၃၀ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၈၉ | ၆၄ | ၇၆ | ၇၈ | ၃၂ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၈၈ | ၆၃ | ၇၅ | ၇၈ | ၃၀ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၀ | ၆၅ | ၇၇ | ၇၁ | ၃၄ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၉၁ | ၆၅ | ၇၈ | ၇၁ | ၃၇ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉၀ | ၆၇ | ၇၈ | ၇၅ | ၃၃ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၉၂ | ၆၆ | ၇၉ | ၆၉ | ၄၀ |